P.O Box 22, Mae Sot Post Office, Tak Province 63110, Thailand
E-mail: karen_unity@yahoo.com, Tel/Fax: +66 (0)55 546 281

**Karen National Unity Seminar**

# 7th Karen Unity Seminar Statement

## (၇) ကြိမ်မြောက် ကရင်အမျိုးသား စည်းလုံးညီညွတ်ရေး နီးနှောဖလှယ်ပွဲ ထုတ်ပြန်ကြေညာချက်

မေလ (၂၁)ရက်နေ့၊ ၂၀၁၀ခုနှစ်။

- (၇) ကြိမ်မြောက် ကရင်အမျိုးသား စည်းလုံးညီညွတ်ရေး နီးနှောဖလှယ်ပွဲကို ၂၀၁၀ ခုနှစ်၊ မေလ (၁၇) ရက်နေ့မှစ၍ (၂၁)ရက်နေ့အထိ ကရင့်တော်လှန်ရေး နယ်မြေတနေရာတွင် အောင်မြင်စွာ ကျင်းပခဲ့ကြရာ ပြည်တွင်းပြည်ပရှိ ကရင်အဖွဲ့အစည်း(၃၇)ဖွဲ့မှ ကိုယ်စားလှယ်များနှင့် လေ့လာသူများအပါအဝင် စုစုပေါင်း (၁၀၃)ဦး ပါဝင်တက်ရောက် ဆွေးနွေးခဲ့ကြသည်။

- ဤနီးနှောဖလှယ်ပွဲတွင် မြန်မာပြည်၏ လက်ရှိ နိုင်ငံရေးအခြေအနေကို ဆွေးနွေးခဲ့ကြပြီး ကရင့်အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် အမျိုးသားတော်လှန်ရေး အရှိန်အဟုန် ပိုမို အားကောင်းလာစေရေးအတွက် တက်ရောက်လာသည့် ကိုယ်စားလှယ်အားလုံးက အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်း ချမှတ်နိုင်ခဲ့သည်။

- နီးနှောဖလှယ်ပွဲမှ ကရင်အမျိုးသား စည်းလုံးညီညွတ်ရေးကို တည်ဆောက်ရာတွင် အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး၊ ဒီမိုကရေစီအရေးနှင့် ပြည်နယ်ပေါင်းစု ဖယ်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး ဟူသော နိုင်ငံရေးဦးတည်ချက်အပေါ် အခြေခံ၍ ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး ဦးဆောင်သည့် ကရင့်တော်လှန်ရေးကို အောင်ပွဲရသည်အထိ ဝိုင်းဝန်းပါဝင် လုပ်ဆောင်သွားရန် ဆုံးဖြတ်ခဲ့သည်။

- ယနေ့ ကရင်မျိုးဆက်သစ်လူငယ်များ နိုင်ငံရေးတွင် ပိုမို နိုးကြားတက်ကြွရန်နှင့် အမျိုးသားတော်လှန်ရေးတွင် လက်တွေ့ပါဝင် ဆောင်ရွက်မည့် လူငယ်ခေါင်းဆောင်ကောင်းများ စဉ်ဆက်မပြတ် ပေါ်ထွန်းလာရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန် ဤနီးနှောဖလှယ်ပွဲမှ တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြသည်။

- နအဖ စစ်အစိုးရမှ ပြုလုပ်ကျင်းပမည့် ၂၀၁၀ ရွေးကောက်ပွဲသည် စစ်အာဏာရှင်စနစ် တရားဝင် သက်ဆိုးရှည်ရေးအတွက်သာဖြစ်ပြီး တိုင်းရင်းသားလူမျိုးစုများ အပါအဝင် ပြည်သူလူထုတစ်ရပ်လုံး၏ အကျိုးစီးပွား မပါဝင်သည့်အတွက် ၎င်းရွေးကောက်ပွဲကို ဤနီးနှောဖလှယ်ပွဲမှ ဆန့်ကျင်ရှုံချသည်။

- နီးနှောဖလှယ်ပွဲတွင် မြန်မာနိုင်ငံ၏ လက်ရှိ နိုင်ငံရေး အခြေအနေများအပေါ် ကရင်အမျိုးသားများ၏ အမြင်ကို တင်ပြဆွေးနွေးကြပြီး ကရင်အမျိုးသားရေးဆိုင်ရာ အောက်ပါတောင်းဆိုမှုများကိုလည်း ပြုလုပ်ခဲ့ကြသည်။

(က) ကရင်ပြည်နယ်နှင့် အခြားတိုင်းရင်းသားဒေသများအတွင်း နအဖ၏ ထိုးစစ်ဆင်မှုများသည် လူသားများအပေါ် ကျူးလွန်သည့် စစ်ရာဇဝတ်မှုများဖြစ်သဖြင့် ကုလသမဂ္ဂမှ စုံစမ်းစစ်ဆေးရေး ကော်မရှင်တစ်ရပ်ကို စေလွှတ်၍ အရေးယူသွားရန် တောင်းဆိုသည်။

(ခ) မြန်မာနိုင်ငံ အရှေ့ဖက်ခြမ်းတွင် နအဖ စစ်အစိုးရ၏ ထိုးစစ်ဆင်မှုကြောင့် အိုးအိမ်စွန့်ခွာနေရသည့် ပြည်တွင်းဒုက္ခသည်များအတွက် နယ်စပ်ဖြတ်ကျော်ကူညီမှုနှင့် နယ်စပ်ဒေသရှိ ဒုက္ခသည်များအား လိုအပ်သည့် လူမှုရေးထောက်ပံ့မှုများကို ကုလသမဂ္ဂနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းမှ ပိုမိုလုပ်ဆောင်သွားရန် တောင်းဆိုသည်။

(ဂ) ၎င်းအပြင် မြန်မာ့နိုင်ငံရေးနှင့် ပတ်သက်၍ ကုလသမဂ္ဂ အထွေထွေ ညီလာခံမှ ဆုံးဖြတ်ချက်ချထားသည့် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးကိစ္စ အမြန်ဆုံး ဖြစ်ပေါ်လာရန် ကုလသမဂ္ဂမှ နအဖအပေါ် ဖိအားပေး ဆောင်ရွက်သွားရန် ဤနီးနှော ဖလှယ်ပွဲမှ တောင်းဆိုလိုက်သည်။

ဆက်သွယ်ရန် – စောလွင်ဦး (**+66-892 078 921**) **(+ 61-412344009)**
– စ ကက်နက်မိုး (**+66-857294016**) **(+8210-8714 7019)**